# ၁၉၅၄ ခုနှစ်၊ ချင်းရေးရာကောင်စီ သဘာပတိနှင့် ဒုတိယ သဘာပတိလစာနှင့် စရိတ်ကြေးငွေများအက်ဥပဒေ။

[၁၉၅၄ ခုနှစ်၊ အက်ဥပဒေ အမှတ် ၃၀။]

အောက်ပါအတိုင်း အက်ဥပဒေအဖြစ်ပြဋ္ဌာန်းလိုက်သည်။

၁။ ။(၁) ဤအက်ဥပဒေကို၊ ၁၉၅၄ ခုနှစ်၊ ချင်းရေးရာကောင်စီ သဘာပတိနှင့် ဒုတိယ သဘာပတိ လစာ နှင့် စရိတ်ကြေးငွေများအက်ဥပဒေ ဟုခေါ်ရမည်။

(၂) ဤအက်ဥပဒေသည်၊ ၁၉၅၄ ခုနှစ်၊ စက်တင်ဘာလ ၁ ရက်နေ့တွင် စတင်အာဏာတည်ရမည်။

၂။ ။(၁) ချင်းရေးရာကောင်စီသဘာပတိအား၊ လစဉ်တလလျှင် လစာငွေ ၁,၂၅၀ ကျပ် (တထောင် နှစ်ရာ ငါးဆယ် ကျပ်) နှင့် ဒုတိယ သဘာပတိ အား၊ တလလျှင် လစာငွေ ၆၀၀ ကျပ် (ခြောက်ရာကျပ်) ကိုပေးရမည်။

(၂) ချင်းရေးရာကောင်စီသဘာပတိ အား၊ နေအိမ် နှင့် ယာဉ်အစား၊ တလလျှင် စရိတ်ငွေ ၁၅၀ ကျပ် (တရာ ငါးဆယ်ကျပ်) ပေးရမည်။

၃။ ။ချင်းရေးရာကောင်စီသဘာပတိမှာ၊ သို့တည်းမဟုတ် ဒုတိယသဘာပတိမှာ၊ ချင်းရေးရာဝန်ကြီး၏ ညွှန်ကြားချက်အရ၊ ပြည်သူ့အကျိုးအတွက်သော်၎င်း၊ ပြည်ထောင်စုအစိုးရကိစ္စနှင့်သော်၎င်း၊ နယ်လှည့်ခရီးထွက်ရသည့်အခါ၊ နေ့တွက်စရိတ်ကိုဖြစ်စေ၊ ရပ်နားစရိတ်ကိုဖြစ်စေ၊ ခရီးစရိတ်ကိုဖြစ်စေ၊ မြန်မာနိုင်ငံတော်ခရီးစရိတ်နည်းဥပဒေများအရ၊ ရယူခွင့်ရှိရမည်။

၄။ ။ချင်းရေးရာကောင်စီသဘာပတိသည်၊ ရာထူးလက်ရှိကာလအတွင်းတွင် သဘာပတိရာထူးဆိုင်ရာတာဝန် ဝတ်တရားများကို ဆောင်ရွက် အပ်သည် မှတပါး၊ အတတ်ပညာဖြင့် ဥစ္စာရှာသောအခြားမည်သည့်အသက်မွေးမှုမျိုးကိုမျှမပြုရ။ သို့တည်းမဟုတ် မည်သည့်ကုန်သွယ်ရောင်းဝယ်မှု၌မျှပါဝင်လုပ်ကိုင်ခြင်းမပြုရ။ သို့တည်းမဟုတ် အခြား မည်သည့်အလုပ်အကိုင်မျိုးကိုမျှ အခကြေးငွေဥစ္စာအတွက် လုပ်ကိုင်ဆောင်ရွက်ခြင်းမပြုရ။

၅။ ။ချင်းရေးရာကောင်စီ သဘာပတိရာထူး၌ဖြစ်စေ၊ ဒုတိယသဘာပတိရာထူး၌ဖြစ်စေ၊ ထမ်းရွက်နေသည်ဖြစ်သောကြောင့်၊ ထိုသို့ထမ်းရွက်နေသောသူ၌ ပါလီမန်ဆိုင်ရာလွှတ်တော် တရပ်ရပ်၏ အမတ်အဖြစ်ဖြင့် အရွေးခံရန်သော်၎င်း၊ ထိုကဲ့သို့သော အမတ်အဖြစ်ဖြင့် တည်နေရန်သော်၎င်း၊ အရည်အချင်းပျက်ယွင်းခြင်းမရှိစေရ။

၆။ ။၁၉၅၂ ခုနှစ်၊ ချင်းရေးရာကောင်စီ သဘာပတိ၏လစာနှင့်စရိတ်ကြေးငွေအက်ဥပဒေ (၁၉၅၂ ခုနှစ်၊ အက်ဥပဒေအမှတ် ၂၅) ကို၊ ဤအက်ဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။

ဒ၊မ၊ဗ၊စ၊—အမှတ် ၁၃၊ တရားရေးဝန်ကြီးဌာန၊ ၁၇-၁၁-၅၄—၂,၀၀၀—၂။
အဘိုး—၁၁ ပြား]